**ကရင်ပြည်နယ်အစိုးရပြည်ထဲရေးဌာန**

**ကရင်ပြည်နယ်ရဲဝန်ထမ်း (အောက်တန်း) အဖွဲ့ နည်းဥပဒေများ**

**အမှတ် ၇**

**ရန်ကုန်မြို့၊ ၁၃၁၈ ခု၊ ဝါခေါင်လပြည့်ကျော် ၈ ရက်။**

**(၁၉၅၆ ခု၊ ဩဂုတ်လ ၂၉ ရက်။)**

အမှတ် ၇။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ချက် အက်ဥပဒေ ပုဒ်မ ၁၈၁၊ ပုဒ်မငယ် (၂) နှင့် (၃) အရ၊ ကရင်ပြည်နယ်ဥက္ကဋ္ဌသည်၊ အောက်ဖေါ်ပြပါ ကရင်ပြည်နယ်ရဲဝန်ထမ်းအဖွဲ့ (အထက်တန်း) နှင့် (အောက်တန်း) စပ်လျဥ်းသောနည်းဥပဒေများကို ပြဋ္ဌာန်း၍ အများသိစေရန် ကျေညာလိုက်သည်။

**ပဌမပိုင်း**

**ခန့်ထားရေး**

ကရင်ပြည်နယ်ရဲဝန်ထမ်း (အောက်တန်း) အဖွဲ့သို့ ခန့်ထားရန် စည်းမျဉ်းများနှင့် ရာထူးစည်းမျဉ်း များကို ပြဋ္ဌာန်းလိုက်သည်။

ဤစည်းမျဉ်းများသည် (၁၉၅၆ ခု၊ အောက်တိုဘာလ ၁ ရက်) နေ့မှ စ၍အတည်ဖြစ်ရမည်။

၁။ ။ ကရင်ပြည်နယ် ရဲဝန်ထမ်း (အောက်တန်း) အဖွဲ့သို့ အောက်ပါအတိုင်း ခန့်ထားရမည်။

(က) စာမေးပွဲယှဉ်ပြိုင်ဖြေဆိုခြင်းဖြင့် တိုက်ရိုက်ခန့်အပ်ခြင်း။

(ခ) ပြည်နယ်အတွင်း အမှုထမ်းနေသော ရဲအုပ်များနှင့် ရဲရုံးစာရေးများအနက် သင့်တော်သူများကို၊ အမည်နာမပေးသွင်းစေပြီးလျှင်၊ ၎င်းအမည်များထည်းမှ ရွေးချယ်ခြင်းဖြင့်ခန့်အပ်ခြင်း။

ကရင်ပြည်နယ် ရာထူးရွေးချယ်ရေးအဖွဲ့သည်၊ ရွေးချယ်ရာတွင် အထောက်အပံ့ ရစေခြင်းငှါ၊ သင့်တော်သောစာဖြင့်ရေးသား ဖြေဆိုအပ်သော စာမေးပွဲ၊ သို့မဟုတ် နှုတ်တိုက်စာမေးပွဲ၊ သို့မဟုတ် နှစ်ရပ်စလုံး ကျင်းပရန် ပြဋ္ဌာန်းနိုင်သည်။

၂။ ။ နည်းဥပဒေ ၁ (က) အရ၊ လျှောက်ထားသူများသည်-

(က) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အပိုဒ် ၁၁ အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်သားဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ရမည်။

(ဂ) မြန်မာစာကို ကောင်းမွန်စွာတတ်ကျွမ်းရမည်။

(ဃ) ဖြေဆိုသည့်နှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၁ နှစ်ပြည့်ပြီး၍၊ ၂၉ နှစ်ထက် မကျော်လွန် စေရ။

(င) ရန်ကုန်တက္ကသိုလ်မှဖြစ်စေ၊ အသိအမှတ်ပြုသောအခြားတက္ကသိုလ်မှဖြစ်စေ ဥပစာအထက်တန်း အောင်ပြီးဖြစ်ရမည်။

(စ) ကိုယ်ကာယအတိုင်းအထွာမှာ အနည်းဆုံး အရပ် ၅ ပေ ၄ လက်မနှင့် ရင်ပတ်နဂိုနေအတိုင်း ၃၂ လက်မရှိရမည်။

(ဆ) လျှောက်လွှာတင်သွင်းသောအခါ၊ လျှောက်လွှာနှင့်အတူ အထက်ပါ ဝန်ထမ်းတွင်ခန့်ထားရန် အတွက်၊ ခရိုင်ဆရာဝန်ကြီး ရာထူးအဆင့်အတန်းအောက်မနိမ့်သော ဆေးဘက်ဆိုင်ရာ အရာရှိက သတ်မှတ်ထားသည့် ပုံစံဖြင့်

ထုတ်ပေးသော ကျန်းမာကြောင်း ဆေးလက်မှတ်ကိုပါ တင်သွင်းရမည့်ပြင်၊ ကျန်းမာရေးအခြေအနေ စစ်ဆေးသော ခုံအဖွဲ့၏စံမှီ ကိုယ်လက်ကျန်းမာရေး စစ်ဆေးခြင်း (Standard Physical Test) ခံရန် လာရောက်ရပါမည်။

(ဇ) လျှောက်ထားသူအသီးသီးသည်၊ ရာထူးခန့်ထားရေးအဖွဲ့က ပြဋ္ဌာန်းသည့်အသက်နှင့်ငြင်း၊ နိုင်ငံသား ဖြစ်မှုနှင့်ငြင်း၊ ပညာအရည်အချင်းနှင့်ငြင်း၊ အကျင့်စာရိတ္တနှင့်ငြင်း စပ်လျဉ်းသည့် သက်သေခံအထောက် အထားများကို တင်ရပါမည်။

**ခြွင်းချက်** ။ ။ သတ်မှတ်ထားသည့် အသက်နှင့်ပညာအရည်အချင်း အကန့်အသတ်ကို လျှော့ပေါ့ ထိုက်သော၊ သို့တည်းမဟုတ် အလွန်အမင်းနစ်နာသော သူတို့အတွက် ပြည်နယ်ဥက္ကဋ္ဌက လျှော့ပေါ့ နိုင်ခွင့်ရှိသည်။

၃။ ။ နည်းဥပဒေ ၁ (ခ) အရ၊ လျှောက်ထားသူသည်-

(က) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၁၁ အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်သားဖြစ်ရမည်။

(ခ) ရွေးချယ်သည့်နှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့တွင်၊ အသက် ၂၇ နှစ်ပြည့်ပြီး၊ ၃၅ နှစ်ထက်မကျော်လွန် စေရ။

(ဂ) အစိုးရအမှုထမ်းသက် ၇ နှစ်မနည်းတဆက်တည်းရှိရမည်။

(ဃ) အကျင့်စာရိတ္တကောင်းမွန်ရမည်။

(င) တက္ကသိုလ်ဝင်စာမေးပွဲ၊ သို့မဟုတ် အထက်တန်းကျောင်းထွက်လက်မှတ်ရ စာမေးပွဲကို အနည်းဆုံး အောင်မြင်ရမည်။

**ခြွင်းချက်**။ ။ သို့ရာတွင် အထူးနစ်နာသောကိစ္စများတွင်၊ ပညာအရည်အချင်းကန့်သတ်ချက်ကို ပြည်နယ်ဥက္ကဋ္ဌက သက်ညှာစွာစဉ်းစားနိုင်ခွင့်ရှိသည်။

(စ) မိမိအမှုထမ်းဆောင်ရွက်နေသည့် ရုံးမှအကြီးအကဲဖြစ်သော ဆိုင်ရာခရိုင်ရဲဝန်က ထောက်ခံရမည်။

(ဆ) ရဲအုပ်များမှ တိုးတက်ခန့်ထားခြင်းမှအပ၊ ရဲရုံးစာရေးများမှ လျှောက်ထားသူများသည် ရာထူး ခန့်ထား ရန်အတွက် ကျန်းမာခြင်းနှင့် ညီညွတ်သည်ဟု သတ်မှတ်ထားသည့်ပုံစံတွင်၊ ခရိုင်ဆရာဝန်ကြီး ရာထူး အဆင့်အတန်းအောက်မနိမ့်သော ဆေးဘက်ဆိုင်ရာအရာရှိက၊ ထောက်ခံရမည့်ပြင် ကျန်းမာရေး အခြေ အနေစစ်ဆေးသော ခုံအဖွဲ့၏ စံမှီကိုယ်လက်ကျန်းမာရေးစစ်ဆေးခြင်း (Standard Physical Test) ခံရန်လာရောက်ရပါမည်။

(ဇ) ကိုယ်ကာယအတိုင်းအထွာမှာ အနည်းဆုံး ၅ ပေ ၄ လက်မနှင့် ရင်ပတ်နဂိုနေအတိုင်း ၃၂ လက်မ ရှိရမည်။

၄။ ။ သာမန်အားဖြင့်အဖွဲ့ဝင်ဦးရေအတွက်နေရာလပ် ၁၀၀ လျှင် ၅၀ ရာခိုင်နှုန်းကို စာမေးပွဲယှဉ်ပြိုင်ဖြေ ဆိုခြင်းဖြင့် တိုက်ရိုက်ခန့်အပ်၍ ပြည်နယ်ရဲအုပ်နှင့် ရဲရုံးစာရေးများမှ ၅၀ ရာခိုင်နှုန်းတိုးဖြင့် ခန့်အပ် လိမ့်မည်။ စာမေးပွဲယှဉ်ပြိုင်ဖြေဆိုခြင်းဖြင့် ခန့်အပ်ရန် အရည်အချင်းနှင့် ပြည့်စုံသော လျှောက်ထား သူများလုံလောက်စွာမရှိလျှင်၊ ပြည်နယ်ဥက္ကဋ္ဌသည်၊ လစ်လပ်သည့်ရာထူးများကို၊ ပြည်နယ်ရဲအုပ်များနှင့် ရဲရုံးစာရေးများမှ တိုးတက်ခန့်အပ်နိုင်သည်။

## ဒုတိယပိုင်း

## ရာထူးစည်းမျဉ်းများ

၅။ ။ ခန့်ထားခြင်းခံရသူကို ယေဘုယျအားဖြင့်၊ ဦးစွာအစမ်းအဖြစ်ခန့်အပ်ရမည်။ အမြဲတမ်းခန့်အပ်ရန် အတွက် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။

Myanmar Law Information System (MLIS)

(က) အစမ်းခန့်ခြင်းအဖြစ် နှစ်နှစ်ပြည့်အောင်ဆောင်ရွက်ရမည်။

(ခ) အခါအားလျော်စွာ ပြဋ္ဌာန်းထားသည့် လက်တွေ့သင်တန်းကို ကျေနပ်ဘွယ်အောင်မြင်စွာပြီးဆုံး ရမည်။

(ဂ) အခါအားလျော်စွာ ပြဋ္ဌာန်းထားသည့် သင်ရိုးသင်တန်းများနှင့်ဌာနဆိုင်ရာ စာမေးပွဲများကို သတ်မှတ်သည့် အဆင့်အတန်းနှင့်အောင်မြင်ရမည်။

(ဃ) မိမိအထက်အရာရှိများက အမြဲတမ်း ခန့်အပ်ရန်သင့်တော်သည်ဟု ထောက်ခံရမည်။

၆။ ။ ကရင်ပြည်နယ်ဥက္ကဋ္ဌသည်၊ ပြည်နယ်ရဲဝန်ထမ်း (အောက်တန်း) အရာရှိတဦးအား အစမ်းခန့်ချိန် အတွင်း၊ ရာထူးရင်းသို့ ပြန်လည်ချထားနိုင်သည်။ ယေဘုယျအားဖြင့် သုံးစွဲနိုင်သည့် ဤအာဏာကို မထိခိုက်စေဘဲ၊ ကရင်ပြည်နယ်ဥက္ကဋ္ဌသည်၊ အရာရှိတဦးအား စတင်ခန့်အပ်သည့် အချိန်မှ ၃ နှစ်အတွင်း နည်းဥပဒေ ၅ အရ၊ အရည်အချင်းနှင့် မပြည့်စုံ၍၊ အမြဲတမ်းမရရှိနိုင်လျှင် ရာထူးမှရပ်စဲစေနိုင်သည်၊ သို့မဟုတ် ရာထူးရင်းသို့ပြန်လည်ချထားနိုင်သည်။

၇။ ။ ကရင်ပြည်နယ်ရဲဝန်ထမ်း (အောက်တန်း) အဖွဲ့ဝင်၏ လစာနှုန်းထားမှာ ကျပ် ၂၀၀-၁၀-၃၀၀ ဖြစ်သည်။ ၎င်းပြင် အခါအားလျော်စွာသတ်မှတ်ထားသည့် ရှားပါးစရိတ်လည်းရရှိလိမ့်မည်။

၈။ ။ ဤနည်းဥပဒေများတွင် မပါရှိသော ရာထူးစည်းမျဉ်းများနှင့်စပ်လျဉ်း၍၊ ကရင်ပြည်နယ်ရဲဝန်ထမ်း (အောက်တန်း) အဖွဲ့ဝင်များသည်၊ ယေဘုယျအားဖြင့်၊ အစိုးရ၏ အလားတူ အတန်းစားအရာရှိများ လိုက်နာရသော အခြားစည်းမျဉ်းများအတိုင်းဖြစ်စေရမည်။

အမိန့်အရ၊

မောင်တင်၊

အတွင်းဝန်၊ ကရင်ပြည်နယ်အစိုးရ။

Myanmar Law Information System (MLIS)